

(၀)

ဓာတ်ခဲသည် စားစရာမဟုတ်မှန်း သိသော်လည်း သွားနှင့် ကိုက်ဝါး နေမိသည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးသည် ကိုက်ရာဗရပွနှင့် ဓာတ်ခဲလေးကို ပါးစပ်ထဲမှ ပြန်ထုတ်ကာ တံတွေးများကို အင်္ကျီစနှင့် သုတ်လိုက်သည် ။ ပြီးလျှင် Mp3 ထဲ ဓာတ်ခဲလေးကို ပြန်ထည့်လိုက်သည် ။ နားကြပ်တစ်ဖက်ကို နားမှာ တပ်၍ ကျန်သည့် နားကြပ်တစ်ဖက်ကို ဘေးမှ အနီရောင်ပါးကလေး ရဲနေသည့် ကောင်မလေးတစ်ယောက်၏ နားမှာ တပ်ပေးလိုက်သည် ။ ထို့နောက် သစ်ရွက်လေးနှစ်ရွက်ပူး ကြွေနေသည့် ခုံတန်းပေါ်မှာ ထိုင်လျက်သားနှင့် သီချင်းတစ်ပုဒ်ကို အတူတူ နားထောင်ကြ တော့သည် ။ သီချင်းနားထောင်ရင်း မျက်ကွင်းညိုညိုနှင့် ကောင်မလေးက ပခုံးလေးကို တငြိမ့်ငြိမ့် လှုပ်ခါပြတော့ ဘေးက အနီရောင်ပါးကလေးနှင့် ကောင်မလေးက ရွှင်ရွှင်ပျပျရယ်သည် ။ သို့သော် တကယ်တမ်း မျက်ကွင်း ညိုညိုနှင့် ကောင်မလေးဘက်မှ နားကြပ်မှာ ပျက်နေ၍ ဘာသီချင်းမှ မကြားရပါ။ ထိုတုန်းက သူမတို့ ဆယ့်သုံးနှစ်ဝန်းကျင်။

အငွေ့တထောင်းထောင်း ထနေသော ပေါက်စီသည် တွေ မရှိပေမဲ့ တရုတ်ရှာကလေးနှင့် တူသော မန္တလေး ကျောက်စိမ်းဝိုင်းထဲသို့ သူမ တို့ နှစ်ဦး လျှောက်လှမ်း လာကြသည် ။ ဗမာပွဲစားတွေက ကျောက်စိမ်း လေးတွေကို ကတ်ထူစက္ကူပြားတွေပေါ် တင်ကာ တရုတ်တွေ ထိုင်နေ

ရာ စားပွဲသို့ သွားပြကြသည် ။ တရုတ်တွေက ခလုတ်ပါသည့် ညှစ်ရေဘူးများ ဖြင့် ကျောက်စိမ်းတွေကို တရှူးရှူး ရေဆွတ်သည် ။ ပြီးလျှင် ပြင်းအားများ သော ကျောက်စိမ်းကြည့် ဓာတ်မီးအသေးလေးများ ဖြင့် ထိုးကြည့်ကြသည် ။ ပွဲစား တွေက သူတို့ ကျောက်ကို သိန်းတစ်ရာဟု ဈေးခေါ်သည် ။ တရုတ်က သုံးသောင်းပေးမည်ဟု စကားပြန်ကတစ်ဆင့် ပြောခိုင်းသည် ။ သိန်းတစ်ရာ နှင့် သုံးသောင်း ဈေးကွာလွန်းသော်လည်း ထိုသုံးသောင်းဖြင့်ပင် အရောင်း အဝယ်တည့်သွားသည် ။ ထိုသို့ လူပေါင်းထောင်ချီသောင်းချီ ရှိနေသော ကျောက်စိမ်းတန်းထဲ သူမတို့ နှစ်ယောက် ဖြတ်လျှောက်သွားစဉ် တစ်စုံတစ်ယောက်က အနီရောင်ပါးကလေးနှင့် ကောင်မလေးကို မဖွယ်မရာ ကိုင်တွယ်သွားသည် ။ အနီရောင်ပါးကလေးနှင့် ကောင်မလေးလည်း ရှက်ကာ နေရခက်သွားသည် ။ ဤသည် ကို ဘေးမှ မျက်ကွင်းညိုညိုနှင့် ကောင်မလေးက သတိထားမိသွားသည် ။ မဖွယ်မရာ လုပ်သွားသည့် ကောင်က ခပ်လှမ်းလှမ်းရောက်တော့ မျက်စိလှမ်းမှိတ်ပြသည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးက ချက်ချင်းပဲ ဘေးက ပွဲစားတစ်ယောက်၏ ကျောက်စိမ်းတုံးကို ယူကာ လှမ်းပစ်သည် ။ မဖွယ်မရာ လုပ်သည့် ကောင် နဖူးတည့်တည့်သွားမှန်ကာ သွေးတွေ စီးကျလာသည် ။ မဖွယ်မရာလုပ်သည့် ကောင်ရဲ့ ဘေးက အပေါင်း အပါတွေက သူမတို့ နှစ်ယောက်ကို ပြေးလိုက်သည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးက အနီရောင်ပါးနှင့် ကောင်မလေးကို လက်ဆွဲကာ စည်ကား ပြွတ်သိပ်နေသော လူအုပ်ထဲ ပြေးလွှားတော့သည် ။ မီးပုံးအနီတွေ ချိတ်ဆွဲထားသော တရုတ်ဆိုင်ခန်းတွေ ကြားကကော၊ ကျောက်စိမ်း လက်ကောက်တွေ တချွမ်ချွမ် မြည်နေသော ကုလားဆိုင်တန်းတွေ ဘက်ကကော လှည့် ပတ်ထွက်ပြေးကြသည် ။ ထွက်ပြေးရင်း သူမတို့ တစ်ယောက် မျက်နှာတစ် ယောက်ကြည့်ကာ မအောင့်

နိုင်ဘဲ ရယ်မောကြသည် ။ ထိုစဉ်တုန်းက သူမတို့ ၁၆ နှစ်။ ထွက်ပြေးလို့ မောတော့ မျက်ကွင်းညိုညိုနှင့် ကောင်မလေးက သူ့ရည်းစား ခပ်အအ ကျောက်စိမ်းပွဲစားလေး တစ်ယောက်ဆီက ပိုက်ဆံသွားတောင်းပြီး သူမ တို့ နှစ်ယောက်သား တိုဟူးနွေးတွေ သွားစားကြတော့သည် ။

မျက်ကွင်းညိုညိုနှင့် ကောင်မလေးက ကီမိုနိုတွေ ဝယ်လာသည် ။ ဂျပန်ယပ်တောင်လည်း ပါသည် ။ အနီရောင်ပါးနှင့် ကောင်မလေးက မဝတ်ချင်။ သို့သော် မျက်ကွင်းညိုညိုနှင့် ကောင်မလေးက အတင်းဝတ်ခိုင်းသဖြင့် အနီရောင်ပါးနှင့် ကောင်မလေး မငြင်းနိုင်တော့ဘဲ ဝတ်လိုက်ရသည် ။ အခန်းထဲက သတို့ သမီး ထွက်လာမည်ကို စောင့်သလို မျက်ကွင်းညိုညိုနှင့် ကောင် မလေးရယ် တခြားကောင်မလေးတွေရယ် စောင့်နေကြသည် ။ အနီရောင်ပါးနှင့် ကောင်မလေးက ထိုရိုးရာထည်ကို ဝတ်ဆင်ကာ ထွက်လာသည် ။ လှပလိုက်ဖက်လွန်း၍ အားလုံးငေးကြသည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးက ပြေး၍ ဖက်နမ်းသည် ။

"ငါသာ ယောကျ်ားလေးဆို သူ့ကို လက်ထပ်တယ်"ဟု ပြောသော အခါ တခြား ကောင်မလေးတွေ ရယ်ကြသည် ။

"အခုလည်း နင်တို့ က လင်မယားတွေလိုပါပဲ"ဟု ပြောကြသည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးက အနီရောင်ပါးကလေးနှင့် ကောင်မလေး၏ လက်ကို ကိုင်ကာ တွဲကသလိုလို လှုပ်ရှားသည် ။ အားလုံးက သဘောကျနေကြသည် ။ ကောင်မလေး တစ်ယောက်က ထပြောသည် ။

"တကယ် လှတယ်ဟေ့။ ဂေးရှားနဲ့ တောင် တူသေးတယ်"

ထိုသို့ပြောသည့် ကောင်မလေးကို မျက်ကွင်းညိုညိုနှင့် ကောင်မလေးက ဖျတ်ခနဲ ခပ်စူးစူး လှမ်းကြည့်သည် ။

"ဘာဂေးရှားလဲ...။ သူက ဘယ်တော့မှ အဲဒီလိုဖြစ်မှာ မဟုတ်ဘူး " ဟု ပြန်အော်ပြောသောအခါ တစ်အိမ်လုံး ငြိမ်သက်ကျသွားတော့သည် ။ ထိုတုန်းကလည်း သူမတို့ နှစ်ယောက်စလုံး ၁၆ နှစ်ပါပဲ။

တစ်ခါက ရပ်ကွက်ထဲရှိ စတိုးဆိုင်ရှင်မိန်းမနှင့် မျက်ကွင်းညိုညိုနှင့် မိန်းကလေးတို့ စကားများ ရန်ဖြစ်ကြသည် ။ ပိုက်ဆံအပြဲအမ်းသဖြင့် မျက်ကွင်းညိုညို ကောင်မလေးက ပြန်လဲပေးရန် ပြောသည် ကို ဆိုင်ရှင်မိန်းမက မကြားတကြား ရိသဲ့သဲ့ ရွဲ့တဲ့ တဲ့ ပြန်ပြောသည် ။ ပြီးတော့ ဆိုင်ထဲဝင်လာသည့် တခြား ယောကျ်ားသားတွေကို ပြုံးဖြဲဖြဲဖြင့် စျေးဆက်ရောင်းနေသည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးက ထိုဆိုင်ရှင်မိန်းမကို အံကြိတ်ကာ ကြည့်နေ၍ အနီရောင်ပါးနှင့် ကောင်မလေးက အတင်းဆွဲကာ ဆိုင်အပြင် ထုတ်ခဲ့ရသည် ။

ထိုအဖြစ်အပျက်အပြီး မကြာခင်မှာ ရောက်ရှိလာသည့် တန်ဆောင်မုန်း လပြည့်ညမှာ တော့ ပွဲသကူကောက်ရင်း ထိုစတိုးဆိုင်ရှေ့သို့ သူမတို့ နှစ်ယောက် ပြန်ရောက်လာကြသည် ။ ထိုအခါ မျက်ကွင်းညိုညိုနှင့် ကောင်မ လေးက လက်စားချေရန်သတိရသည် ။ ထီလည်း ရောင်းသော ထိုစတိုး ဆိုင်ရှေ့တွင် ကျောက်သင်ပုန်းကြီးတစ်ချပ်ရှိသည် ။ ထီထွက်ပြီး နောက်ရက် တွင် ထီပေါက်သူတွေ၏ အမည်ကို ရေးပြကြေညာသည့် ကျောက်သင်ပုန်း ဖြစ်သည် ။ ထိုကျောက်သင်ပုန်းတွင် ""ကျွန်မ လင်တရူးမပါရှင်" ဟု ရေးပစ်ခဲ့ကြသည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးသည် မိန်းကလေးတွေနှင့် ရန်ဖြစ်တိုင်း လင်တရူးမဟု ဆဲတတ်သလို အနီရောင်ပါး နှင့် ကောင်မလေး ကိုလည်း ထိုသို့ဆဲဖို့ မှာ ကြားသည် ။ သို့သော် အနီရောင်ပါးနှင့် ကောင်မလေး က မဆဲပါ။ ဆဲနိုင်စွမ်းလည်း မရှိပါ။ ဒါကိုသိတာကြောင့် လည်း မျက်ကွင်း ညိုညိုနှင့် ကောင်မလေး က မှာ ကြားခြင်းဖြစ်ပါသည် ။ ထိုတုန်းကတော့ သူမတို့ ၁၂ နှစ်လောက်

ပဲ ရှိပါသေးသည် ။

မျက်ကွင်းညိုညိုနှင့် ကောင်မလေးက ပိန်လှီသည် ။ အင်္ကျီတွေ ချောင်ကာ မကြာခဏ ရင်ဟိုက်နေတတ်သည် ။ အနီရောင်ပါးပြင်နှင့် ကောင်မလေးက မျက်ကွင်းညိုညိုနှင့် ကောင်မလေး ရင်ဟိုက်တိုင်း အပေါ်သို့ ဆွဲတင်တင်ပေးတတ်သည် ။ ထိုသို့လာဆွဲတင်ပေးတိုင်း မျက်ကွင်းညိုညို နှင့် ကောင်မလေးက ကြည်နူးကာ ရယ်မောတတ်သည် ။ အနီရောင်ပါး နှင့် ကောင်မလေးက ကော်ဖီကြိုက်သည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးက ကော်ဖီမွှေးမွှေးလေး တစ်ခွက် အမြဲ ဖျော်တိုက်သည် ။ သူတို့ တစ်ယောက် အနားတစ်ယောက် အမြဲရှိလိမ့်မည်ဟု တကယ် ထင်ခဲ့ကြပါသည် ။

လူတွေက သားသမီးတွေကို အဖေနှင့် အမေ၏ အမည်တွေဆီက နာမည်တစ်လုံးစီပါအောင် ယူ၍ လှလှပပ ပေးတတ်ကြသည် မျိုး ဖြစ်သည် ။ မျက်ကွင်းညိုညိုနှင့် ကောင်မလေးနာမည်ကတော့ ထိုသို့မဟုတ်။ အဖေ ဖြစ်နိုင်ခြေရှိသော လူနှစ်ယောက်၏ ထိပ်ဆုံးနာမည်နှစ်ခုကို ပေါင်း၍ ပေးထားခံရခြင်းဖြစ်သည် ။

မျက်ကွင်းညိုညိုနှင့် ကောင်မလေး၏ အမည်က မြမျိုးဖြစ်သည် ။

အနီရောင်ပါးပြင်နှင့် ကောင်မလေး၏ အမည်ကတော့ .........။

* * *

မြင်ရသလောက်တော့

ပါးစပ်တွေကို နားရွက်ထိအောင်

ဓားနဲ့ ဖြဲပြီး

ဘဝအကြောင်းပြောနေကြပုံပါပဲ ။

* * *

(၁)

မည်သည့် အစိုးရတက်တက် ပြည့်တန်ဆာမလေးများ သည် လေပေါ်တွင် ပျံသန်းနိုင်စွမ်း ရှိမည်မဟုတ်ချေ။ ထို့ကြောင့် သူမတို့ သည် မြေတွင် သာ တိုးတိုးသက်သက် လမ်းလျှောက်ခဲ့ရ တော့သည် ။ အမျိုးကောင်း သမီးတွေ အပြင်မထွက်သင့်သည့် အချိန်ဟု လည်း ဆိုကြပြန်သည် ။ အမျိုး ကောင်းကောင်း ၊ မကောင်းကောင်း သွားစရာရှိတာတော့ သွားရချေဦးမည်။

မြို့စွန်လမ်းရှိ ကြီးမားသော အမှိုက်ပုံတွေ၏ အိုမင်းနေသော ကြွပ်ကြွပ်အိတ် အဖတ်များ သည် တဖျပ်ဖျပ် လွင့်လန်နေကြသည် ။ လ

သည် လောကပင်မြင့်တွင် အကိုင်းအခက် အကူအညီမပါဘဲ ဖြူခဲနေသည် ။ အရိပ် ဖြင့်ဖြစ်စေ မြက်ရိုင်းရှည်လေးနှစ်မျှင်ကို ရှေ့မှ ခံ၍ ကြည့်ရှုပါက လဝန်းမှာ လွမ်းဆွတ်ဖွယ် အရည်အငွေ့တို့ ဖြင့် ပြည့်ရွှန်းနေသဖွယ် မြင်ရမည်။ သို့သော် သူမတို့ သည် လဝန်းကိုလည်း မေးမော့မကြည့်မိသလို လွမ်းရေးလွမ်းရာ စိတ်တွေလည်း ဖြစ်ပေါ်ဖို့ မအားဘဲ ခြေလှမ်းတွေကိုသာ သွက်သွက် မြန်မြန် လျှောက်နေသည် ။

သူမတို့ နှစ်ဦးအနက် တစ်ဦးမှာ အသက် ၂၆ နှစ်ခန့်ရှိပြီး ကျန်တစ်ဦး မှာ အသက် ၂၃ နှစ်ဝန်းကျင်ရှိသည် ။ ပိုမိုအသက်ကြီးသော မိန်းကလေး မှာ ရှေ့က ဦးဆောင်သွားနေပြီး ခြေလှမ်းများမှာ အလောတကြီးနိုင်မှုဖြင့် ပိုမိုမြန်ဆန်နေသည် ။ ငယ်ရွယ်သော မိန်းကလေးမှာ တော့ ရှေ့က ဦးဆောင်နေသည့် ခြေလှမ်းနောက်သို့သာ မီဖို့ အလိုက်သင့် လျှောက်နေရ ပုံပေါ်သည် ။

မြေမှ ထိုးထွက်နေသော လက်ချောင်းအပုပ်များ အဖြစ် အဝေးရှိ စက်ရုံများ ၏ မီးခိုးတိုင်တွေကို ပြာမှိုင်းမှိုင်း မြင်ရသည် ။ မြေကြမ်းကွင်း ပြင်ကြီးကိုဖြတ်၍ လေများ အတားအဆီးမဲ့ တိုက်ခတ်နေသည် ။ မိန်းကလေး နှစ်ယောက်၏ လျော့ရဲစွာ စည်းနှောင်ထားသော ဆံပင်များ လွင့်လျား နေကြသည် ။ မကြာခင်ပဲ သူမတို့ နှစ်ယောက်၏ ရည်ရွယ်ရာ ခရီးဖြစ်သော ပြာပုံကြီးရှေ့သို့ ရောက်လာသည် ။ မကြာသေးမီကမှ မီးလောင်ထားသော နေရာဖြစ်သည် ။ မီးမလောင်ခင်က ဤနေရာသည် သွပ်မိုးထရံကာ နှစ်ထပ်အိမ်ကျယ် တစ်လုံးနှင့် အိမ်နောက်တွင် လည်း ငါးပေခြောက်ပေ အခန်းငယ် အဆောင်လေးများ ဆယ်ခန်းခန့်ရှိသော နေရာဖြစ်သည် ။ ခြံ၏ ညာဘက်ဘေးတွင် နွားခြံဟောင်းနှင့် ဘယ်ဘက် ခပ်ခွာခွာ နေရာတွင် ပလတ်စတစ် ပစ္စည်းအဟောင်းများ စုဆောင်းရောင်းချသော လင်မယားနှစ်ယောက် နေသော အိမ်ရှိသည် ။

ကျန်သည့် နေရာက မြေကြမ်းကွင်းပြင် ကျယ်ကြီးသာ။ ယခုတော့ ထို နွားခြံဟောင်းနှင့် သူမတို့ နေထိုင်ခဲ့သော အိမ်ကလေးမှာ ပြာပုံအတိ ပြီး နေသည် ။ မည်းတူးနေသော သစ်သားတိုင်လုံး တချို့တော့ စောင်း စောင်းရွဲ့ရွဲ့ မြေမှာ စိုက်နေသေးသည် ။

အသက်ပိုကြီးသော မိန်းကလေး၏ အမည်မှာ ဇာဇာဖြစ်သည် ။ ဇာ ဇာသည် ပြာပုံမြေ အစပ်ရောက်လျှင်ပဲ တစ်လမ်းလုံး ကိုင်ဆောင်လာ သော လက်နှိပ်ဓာတ်မီးကို စတင်ဖွင့်လိုက်သည် ။ ပြာပုံထဲ အဝါရောင်မီး တန်းက ပြေးဝင်လင်းထိန်သွားသည် ။ လာလမ်းတုန်းက ဘာကြောင့် လက်နှိပ်ဓာတ်မီး မဖွင့်ခဲ့သလဲဆိုလျှင် သူမတို့ ကို လူသူ မမြင်စေချင် သောကြောင့် ဖြစ်သည် ။ သူမတို့ အတွက် ထိုနေရာမှာ ယခုလတ်တ လော အတွက် ပြန်မလာသင့်ဆုံး နေရာတစ်ခုဖြစ်သည် ။ အဘယ်ကြော င့် ဆိုသော် ထိုမီးလောင်သွားသော နေရာက ဆောင်ကြာမြိုင် ဇိမ်ခန်းတ စ်ခုဖြစ်ပြီး သူမတို့ ကလည်း ထိုအပျော်ခန်းတွင် မီးလောင်သည့် ညက ရှိ ခဲ့ကြသူများ ဖြစ်သောကြောင့် ပင် ဖြစ်သည် ။

ဇာဇာသည် အနီးရှိ ပြာပုံထဲတွင် တစ်ဝက်နစ်ဝင်နေသော ဝါးခြမ်း ပြား တုတ်ချောင်း တစ်ချောင်းကို တွေ့သည် နှင့် ကောက်ကိုင်လိုက် သည် ။ ပြီးလျှင် ပြာပုံထဲ စတင်ခြေချပြီး ထိုတုတ်ချောင်းနှင့် မွှေနှောက် ကာ တစ်ခုခုကို စေ့စေ့စပ်စပ် ရှာဖွေလေတော့သည် ။ ကျန်မိန်းမငယ် လေး ကလည်း ဇာဇာ့ကို တစ်ချက် လှမ်းကြည့်ပြီးမှ ပြာပုံထဲ စတင် ခြေ ချလိုက်သည် ။ လရောင်က လင်းအား ကောင်းနေသည် ။ သို့သော် ပစ္စည်းသေးသေးလေး တစ်ခုကို ရှာဖွေဖို့ တော့ မည်သို့မျှ လုံလောက် ခြင်းမရှိပါ။ မိန်းမငယ်၏ လက်ထဲတွင် တော့ ဓာတ်မီးမရှိပါ။ သို့သော် သူမ ခန္ဓာကိုယ်ကို ကုန်းငိုက်ကာ ပစ္စည်းတစ်ခုကို အားစိုက်ရှာဖွေသည် ။ ခပ်လှမ်းလှမ်းနေရာတွင် ခပ်လင်းလင်း ရောင်ပြန်နေသော အရာတစ်

ခုကို မြင်လိုက်တော့ မျက်လုံးဝင်းသွားသည် ။ သွက်သွက်သွားကာ ထိုအလင်းရောင်ထွက်နေသော အရာကို ပြေးကောက်လိုက်သည် ။ ဇာဇာက လည်း  မိန်းမငယ်လေး ပြေးကောက်လိုက်သောအရာကို ဓာတ်မီးဖြင့် ခပ်မြန်မြန် လှမ်းထိုးကြည့်ကာ အနားလျှောက်သွားသည် ။ အနားရောက်တော့ မိန်းမငယ်လေးလက်ထဲက အရာကို ဇာဇာ ဆတ်ခနဲ ဆွဲကာယူလိုက်သည် ။ သို့သော် မျှော်လင့်ထားသည့် အရာမဟုတ်၍ စိတ်အပျက်ကြီး ပျက်သွားသည် ။

"အဟင်း ... မီးကွင်းကွန်ဒုံးလား မသိဘူး"

ဇာဇာ ကိုယ့်စိတ်ပျက်ပျက် ပေါက်ကရစကားကို ကိုယ်သဘော မကျတကျဖြစ်ကာ မဲ့ပြုံးပြုံးလိုက်သည် ။ လက်ထဲမှ အရောင်အသွေး ရှိနေသေးသည့် ကွန်ဒုံးထုပ်ကို အလျင်အမြန်ပဲ အဝေးဆုံးသို့ လွှင့်ပစ်လိုက်သည် ။ ဒီလောက် တစ်ဆောင်လုံး ပြာကျသွားအောင် လောင်တာတောင်မှ ဒီကွန်ဒုံးလေးက အကောင်းတိုင်း ကျန်နေတော့ သူမ ပြောတာ သိပ်မလွန်။ သူမတို့ ၏ အပျော်ရှာသူများ လာရာ ဇိမ်ခန်းဂေဟာတွင် ကွန်ဒုံးဆိုသည် မှာ ခေါင်းစည်းကြိုး သေးသေးလေး တွေလို ဟိုနေရာ ဒီနေရာ အလွယ်ကောက်တွေ့ရ နေကျပါပဲ။ မီးလောင်သည့် ညကိုတောင် သူမ မြင်ယောင်မိသေးသည် ။ လူအများက ဆူညံပွက်လောရိုက်နေသည့် နေရာနှင့် ပတ်သက်လျှင် ဖာတန်း မီးလောင်နေသလိုပဲဟု ရင့်သီးစွာ ဥပမာပေးကြသည် ။ ဥပမာတွေက မှန်တော့ မှန်သည် ပဲ။ မီးလောင်တော့ တကယ့်ကို ပွက်ပွက်ညံ သွားခဲ့သည် ပဲ။ လာပျော်ပါးရင်း အိပ်စက်နေသူတွေလည်း အလန့်တကြားနိုး။ ပြည့်တန်ဆာမလေးတွေလည်း အော်ဟစ်ကြနှင့် တကယ့်ကို ယောက်ယက် ခတ်ခဲ့ရသည် ပဲ။ ထိုယောက်ယက်ခတ်မှုတွေ  ကြားထဲမှာ ပစ္စည်းတစ်ခု ပျောက်ဆုံးဖို့ ဆိုတာ လွယ်လွယ်လေးဖြစ်သွားသည် ။ လွယ်လွယ်လေး ပျောက်ဆုံးသွားပေမဲ့ ယခုအခက်ခဲဆုံး

ရှာဖွေနေရပြီ။

ဇာဇာ ရှာဖွေနေသည် မှာ တစ်နာရီကျော်ပြီဖြစ်သည် ။ ဇာဇာ လောက် တက်ကြွခြင်း မရှိသော်လည်း ဇာဇာ့ကို ကူညီကာ ရှာဖွေပေး နေရသော မိန်းကလေးမှာ လည်း ရှာဖွေရခြင်း အလုပ်ကို ငြီးငွေ့နေလေ ပြီ။ အရာရာကို လောင်ကျွမ်းထားသော ပြာဖြူပြာမည်းတွေက ခြေသည်းတွေ ကြားကိုဝင်၊ ခြေချောင်းတွေကြားမှာ ခိုးလိုးခုလု ဖြစ်နေ သည် ကိုလည်း မုန်းလှပြီ။ နောက်ဆုံး ဇာဇာက လက်ထဲမှ ဝါးခြမ်းပြား တုတ်ကို မိန်းမငယ်လေး ရှေ့သို့ လွှင့်ပစ်လိုက်သည် ။ မိန်းမငယ်လေးက ဇာဇာ့ကို လှမ်းကြည့်သည် ။

"ပြန်ကြစို့ ပါးနီ ..."

ဇာဇာက ပါးစပ်မှ လည်း လေသံတိုးသဲ့သဲ့ဖြင့် ပြောထွက်သွားသလို ခေါင်းမှ လည်း လမ်းမဘက်ကို မေးဆတ်ပြသည့် အမူအရာ လုပ်ပြ လိုက်သည် ။ ပါးနီဟု အခေါ်ခံရသော မိန်းကလေးကလည်း ပြန်၍ ခေါင်းညိတ် ပြလိုက်ပါတော့သည် ။

* * *

(၂)

ကွဲဆည်ကန်ကားကွင်းနားက တည်းခိုခန်းမှာ သူမတို့ အိပ်ကြသည် ။ ပါးနီကတော့ မျက်လုံးမှိတ်ပြီး အိပ်မည်ဖြစ်ပြီး ဇာဇာကတော့ မျက်လုံး မမှိတ်ဘဲ အိပ်ရမည်ထင်သည် ။ ပါးနီ ခုတင်ပေါ်မှာ လှန်ပြီး မျက်နှာကြက်ကို ကြည့်သည် ။ ချစ်စရာမကောင်းသော အိမ်မြှောင် တစ်ကောင်ကို တွေ့နေရသည် ။ ဇာဇာ ရေချိုးခန်းထဲမှ ထွက်လာသည် ။ တီဗွီဘေးမှာ ခေါက်ထားသည့် ဝါကြန့်ကြန့် တဘက်ကိုယူကာ ရင်ဘတ်တွေကို ပွတ်တိုက်၍ သုတ်သည် ။ ပေါင်ကြားတွေကို သန့်ရှင်းသည် ။ တံခါးခေါက်သံ ထွက်ပေါ်လာသောအခါ တဘက်ရှည်ကို ကိုယ်လုံအောင် အမြန်ပတ်၍ တံခါး သွားဖွင့်ပေးလိုက်သည် ။ တည်းခိုခန်းဝန်ထမ်း ကောင်လေးကို တွေ့ရသည် ။ ဝန်ထမ်းကောင်လေးက

"တစ်ယောက်ရပြီ။ (Night) နိုက်ကို သုံးသောင်းခွဲနဲ့ ဆစ်နေတယ်"

"သောက်ရူးလားလို့ မေးလိုက်"

"အချိန်ကိုကြည့်ဦး။ နင် ဒီအချိန်မှ ကြေး(ဂျီး) များ နေရင် ဒီညတော့ အလုပ်ဖြစ်တော့မှာ မဟုတ်ဘူး ။ တည်းခိုခန်းခလည်း နင် ရှင်းရဦးမှာ ။ နင်တို့ ဘိကလည်း မီးလောင်သွားလို့ ဘယ်လိုက်ဖမ်းရမှန်း သိတာ မဟုတ်ဘူး ။ မန်နေဂျာကလည်း မနေ့တစ်နေ့ကမှ ရောက်တဲ့ တရုတ်ဟ။ အကြွေးထားခိုင်းလို့ မရလောက်ဘူး"

"ဟား ...ဘာတွေလဲဟာ"

ဇာဇာ အာရုံနှောက်စွာပင် ခဏစဉ်းစားသည် ။ ဇာဇာက ပြဿနာတစ်ခု၊ အခက်အခဲ တစ်ခုခုကြုံလျှင် စိတ်အေးလက်အေး စဉ်းစားတတ်သည့် အကျင့်မျိုး သိပ်မရှိ။ ဒီည အလုပ်လုပ်လိုက်မှ အခုညအိပ်ဖို့ ရယ်၊ မနက်ဖြန် ပြန်ဖို့ ရယ် လမ်းစရိတ်ရမည် ဖြစ်သည် ဟူသည့် အလွယ်ဆုံး အတွေးသာ ဦးနှောက်က ထုတ်ပြန်ပေးသည် ။

ဇာဇာ အခန်းတွင်းထဲ ပြန်ဝင်ကာ ပါးနီရှေ့သို့ သွားရပ်လိုက်သည် ။ ပါးနီက အိမ်မြှောင်ကို ကြည့်နေရာမှ ဇာဇာ့ကို ကြည့်သည် ။ ဇာဇာက ပါးနီကို ဒီညအလုပ်လုပ်ပြီး မနက်ဖြန်ပြန်ဖို့ ငွေရှာရမည် ဖြစ်ကြောင်းနှင့် တစ်ယောက်တည်း အိပ်ရဲလားဟု လက်ဟန်အမူအရာဖြင့် မေးလိုက်သည် ။ ပါးနီက ခေါင်းညိတ်ပြသည် ။ ဆက်ပြီးလည်း လက်တစ်ဖက်ကို ခွက်တစ်ခုလို သဏ္ဍာန်လုပ်ပြီး ကျန်လက်တစ်ဘက်က ထိုခွက်ပုံစံလက်ကို တစ်ခုခုဖြင့် မွှေသည့် ပုံစံ လုပ်ပြလိုက်သည် ။ ဇာဇာက ခေါင်းညိတ်ပြလိုက်သည် ။

ဝန်ထမ်းကောင်လေးက အခန်းပေါက်ဝမှ အတွင်းခန်းထဲ ချောင်းကြည့်ပြီး ပါးနီကို မြင်သွားသည် ။ တစ်စွန်းတစ်စပဲ မြင်လိုက်ရပေမဲ့ ခပ်လှလှလေးမှန်းတော့ ခန့်မှန်းမိသွားသည် ။ ဇာဇာ အနားပြန်ရောက်လာတော့ ဝန်ထမ်းကောင်လေးက ဆီး၍ မေးသည် ။

"အသစ်လေးလား...။ ငါ တစ်ခါမှ မတွေ့ဖူးပါဘူး"

"မသစ်ဘူး။ ငါတို့ ဘိကပဲ"

"မတွေ့ဖူးပါဘူး။ အပြင်အော်ဒါ မလိုက်လို့ လား"

"နင် တော်တော်စပ်စုတာပဲ"

ဇာဇာက ဝန်ထမ်းကောင်လေး၏ မျက်လုံးကို စိုက်ကြည့်ကာ စကား တစ်ခုကို လေသံ ပြင်းပြင်းပြတ်ပြတ်နှင့် ထပ်ပြောလိုက်သည် ။

"အေး... တစ်ခါတည်း နင့်ကို မှာ ထားမယ်။ ငါ ညှော်သည် နဲ့ နေနေ တဲ့ အချိန် နင် ဒီအခန်းနားလာစရာ အကြောင်းမရှိဘူး။ နင် သူ့ကို လက်ဖျားနဲ့ တောင် လာထိဖို့ မကြိုးစားနဲ့ နော်။ နင့်အသက် အိုးစားကွဲ သွားမယ်။ ဒင်းက ဟိုဘွားတော်ရဲ့ အချစ်တော်"

"ဘယ်ဘွားတော်လဲ၊ အန်တီသက်ဆိုတဲ့ ဟာလား"

ဇာဇာ ခေါင်းညိတ်ပြခါနီးပဲ တည်းခိုခန်း မန်နေဂျာအသစ် တရုတ် က သူမတို့ ရှိရာအထပ်ဆီ တက်လာသည် ။ တည်းခိုခန်းမှာ တိတ်ဆိတ် ထုံဝေနေသည် မို့ မန်နေဂျာအသစ်၏ ခြေသံကို အတိုင်းသား ကြားရ သည် ။ အနားရောက်လာတော့ မန်နေဂျာက ဝန်ထမ်းကောင်လေးနှင့် ဇာဇာကို ကြည့်သည် ။

"သူတို့ က စောနက မှတ်ပုံတင်မပါဘဲ ရောက်လာတဲ့ သူတွေမို့လား"

တရုတ်ကမေးတော့ ဝန်ထမ်းကောင်လေးက တရိုတသေဖြေသည် ။

"ဟုတ်... အရင်ကတော့ လာနေကျပါပဲ။ စက်မှုထဲကပါ။ အခုလည်း အောက်ကရောက်နေတဲ့ ညှော်သည် နဲ့ ချိတ်ထားပြီးသား"

"ခုနက အောက်မှာ ဆေးလိပ်သောက်နေတဲ့ ငမူးတစ်ကောင်လား"

"ဟုတ်"

"အဲဒီကောင် ခုနကပဲ ဆိုင်ကယ်နဲ့ ထွက်သွားပြီလေ"

ဝန်ထမ်းကောင်လေး ငြိမ်သွားသည် ။ ပြီးတော့ ခေါင်းသိပ်မယားဘဲ ခေါင်းကုတ်သွားသည် ။ ဇာဇာလည်း စိတ်လေသွားသည် ။ အာရုံနောက်

စရာ အခိုက်အတန့်နှင့် ကြုံရချေပြီ။ မိမိနှင့် အိပ်မည့် ညေ့်သည် က မူး မူးရူးရူးနှင့် ဘယ်ထွက်သွားပြီလဲ မသိ။ ဇာဇာက စိတ်အခံကလည်း မ ကြည်သလို အခုလည်း စိတ်မရှည်တော့။

"ကဲ ... Customer မရှိလည်း ငါ အိပ်တော့မယ်။ တည်းခိုခန်းခကို ငါ ဆက်ဆက်ပြန်လာပေးမယ် စိတ်ချ"

ဝန်ထမ်းကောင်လေးက ဘာမှ မပြောနိုင်ဘဲ သူဌေးတရုတ်ကိုသာ ကြည့်လိုက်သည် ။ တရုတ်က ပြုံးကာ ညှောင်နာနာ နိုင်လွန်းသော အ သံဖြင့် ပြောသည် ။

"အဲဒီ Customer ထွက်သွားလည်း ငါ ရှိပါသေးတယ်။ အခန်းခရှင်း အပြီး မနက်ကျ ဒီလောက်ပေးမယ်။ အဆင်ပြေလား"

တရုတ်က ထောင်ပြသည့် လက်လေးချောင်းက ဇာဇာ့ မျက်လွှာမှာ အရိပ်ထင်နေသည် ။ ဇာဇာ့ ပါးလေးအပေါ် မြောက်တက်ကာ ပြုံးဖြစ် သွားသည် ။

"ပြေပါတယ်..."

"ရေချိုးလိုက်ဦးမယ်။ နာရီဝက်နေရင် ငါ့အခန်းကို လွှတ်လိုက်"

ဟု ဝန်ထမ်းကောင်လေးကို ပြောကာ ပြန်လျှောက်သွားသည် ။ တရု တ်သူဌေး လေ့ကားအတိုင်း ဆင်းပြီး ခေါင်းလေး မြုပ်ရုံပဲရှိသေး ဝန်ထမ်းကောင်လေးက နှာခေါင်းကို လက်ဖြင့် ထောက်ပြကာ ပြောသည် ။

"သောက်တရုတ်ကလည်း ဒါပဲ။ လူကြည့်တော့ မထုံတက်သေးနဲ့ "

"ဟိတ်... ငါ့လူကို မစော်ကားနဲ့ ။ ဒီညတွက်တော့ သူက ငါ့ရဲ့ ကျေး ဇူးရှင် ဘဲဘဲကြီးပဲ"

"ဘဲဘဲကြီး လုပ်မနေနဲ့ နော်။ ဒင်းက ဖားပြုပ်တွေ စိမ်ထားတဲ့ အရက်ကို သောက်သောက်နေတာနော်"

"ဖားပြုပ်တွေက မိတ်လိုက်ရင် ကြာလို့ လား။ သွားပါ ကော်ဖီတစ်ခွက် သွားဖျော်ခဲ့။ ကော်ဖီမစ် မဟုတ်ဘူး ။ ကော်ဖီအမှုန့်နဲ့ ဖျော်တဲ့ ဟာနော်"

ဝန်ထမ်းကောင်လေး ထွက်သွားတော့ ဇာဇာလည်း အခန်းထဲ ပြန်ဝင်ကာ ပါးနီဘေး အားပါးတရ ပစ်လှဲလိုက်သည် ။ ပါးနီက လက်မထောင်လိုက် လှဲလိုက် လုပ်ပြသည် ။ ဇာဇာက လက်မ ထောင်ပြလိုက်သည် ။ ပါးနီက ပြုံးသည် ။ ပြီးလျှင် အလုပ်လုပ်ရင်း မြမျိုးအကြောင်း စုံစမ်းပေးခဲ့ရန် လက်ဟန် အမူအရာဖြင့် မှာ ကြားသည် ။ ဇာဇာက စိတ်မပါ လက်မပါဖြင့်ပင် လက်မ ထောင်ပြလိုက်သည် ။ ငါးမိနစ်လောက် လှဲပြီးတော့ ဇာဇာ အဝတ်အစားလဲသည် ။ တစ်နေ့လုံးတစ်ညလုံး ဒီအဝတ်အစားပဲဖြစ်နေ၍ နည်းနည်းတော့ မသိုးမသန့်ဖြစ်မိသည် ။ တရုတ်သူဌေး အခန်းရောက်တာနှင့် ချက်ချင်း တဘက်ပတ်ပြီး ပြန်နေတာကောင်းမည်ဟု လည်း တွေးဖြစ်သည် ။

ဒီဟိုတယ်၏ အခန်းတိုင်းနီးပါးမှာ ဇာဇာအလုပ် လုပ်ဖူးပါသည် ။ ဘယ်အခန်းက မီးခလုတ်ပျက်၍ ဘယ်အခန်းက T.V စုတ်နေလဲဆိုသည် ကိုပင် အလွတ်ရသည် ။ ရေချိုးခန်းထဲက ဘေစင်တစ်ခု ကွဲနေသည့် အခန်းကိုလည်း မှတ်မိသည် ။ ကွဲတာလည်း သူမနှင့် ညော့သည်ကြောင့် ပင်။ ကြမ်းတမ်းသော ညော့သည် ၏ အတတ်ဆန်းမှုကြောင့် ဘေစင်ကွဲသွားခြင်း ဖြစ်သည် ။ ကံကောင်းသည် ထိုတုန်းက ဘေစင်ပေါ် တက်ထိုင်နေရလျက်နှင့် သူမ ဘာမှ မဖြစ်ခဲ့၍ ။ ထိုညော့သည် တော့ ဘေစင်ဖိုး လျော်စရာမရှိ၍ ဖုန်းထားခဲ့ရသည် ။ ထိုအကြောင်းကို ပြန်

တွေးမိ၍ ဟင့်ခနဲ စိတ်ပျက်ပျက်ရယ် ဖြစ်သည် ။ သူမသာ ငွေကြေးချမ်းသာခဲ့လျှင် ထိုသို့ ကျက်သရေမရှိသော အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့မည် မထင်။ သူမ သိပ်ချမ်းသာချင်သည် ။ ချမ်းသာဖို့ အခွင့်အရေးလည်း နီးနီးကပ်ကပ် ရခဲ့သည် ။ သို့သော် အခုတော့ ထိုအရာက မီးလောင်သည့် အထဲ ပါသွားခဲ့ပြီ။

ဝန်ထမ်းကောင်လေး ရောက်လာကာ ကော်ဖီလာပို့သည် ။ ကွန်ဒုံးဘူးလေး နှစ်ဘူးကိုလည်း စားပွဲပေါ်တင်ပေးခဲ့သည် ။ ကော်ဖီက သာမန်ကော်ဖီအကြမ်းမှုန့်ဖြင့် ဖျော်ပေမဲ့ မွှေးနေသလိုပင်။ ကော်ဖီကိုမြင်တော့ အိပ်ရာပေါ်မှ ပါးနီထသည် ။ ကော်ဖီခွက်ကိုကိုင်၍ ပြတင်းပေါက်နားသွားထိုင်လိုက်သည် ။ ဝန်ထမ်းကောင်လေးက ပါးနီကို မသိမသာ ရှိုးလိုက်သေးသည် ။

"တစ်ခါတည်း လိုက်ခဲ့တော့လေ။ သူဌေးအခန်း ပို့ပေးမယ်"

"အေး ..."

ဇာဇာက ပါးနီကို အခန်းသော့ ယူသွားမည် ဖြစ်ကြောင်းနှင့် မည်သူလာလာ တံခါးဖွင့်မပေးရန် အမူအရာဖြင့်မှာ သည် ။ ပါးနီက ကော်ဖီမှုတ်ရင်း ခေါင်းညိတ်ပြသည် ။ အခန်းကို သော့ခတ်ပြီး ဝန်ထမ်းနှင့် အတူ ဇာဇာ ထွက်ခဲ့သည် ။ အတူတူ လမ်းလျှောက်ရင်း ဝန်ထမ်းကောင်လေးက စပ်စု သည် ။

"ကောင်မလေးက စကားမပြောတတ်ဘူးလား..."

"အေး... အ... နေတာ"

"ဩော်... ချစ်တော့ ချစ်စရာလေးနော်။ ပါးလေးကလည်း နီနေတာပဲ
"

"အဲဒါကြောင့် လည်း ပါးနီလို့ ခေါ်တာပဲလေ"

"ကချင်မလား ..."

"မောတယ်ဟာ လေပေါမနေနဲ့၊ ပြီးရင် နင်က အေးဆေးနားရမှာ ။ ငါက နင့်သူဌေး ဖားပြုပ်နဲ့ နှစ်ပါးသွားရမှာ "

"နင်ပြောတော့ ဖားပြုပ်တွေ မိတ်လိုက်တာ မကြာဘူးဆို"

"ငါလည်း မသိဘူးလေ ..."

နှစ်ယောက်သား အောက်ထပ်ဆင်းသွားကြသည် ။

အခန်းထဲမှာ ကော်ဖီခွက်ကို ကိုင်လျက် ပါးနီသာ ကျန်ခဲ့သည် ။

* * *

ပြတင်းပေါက်က လှမ်းမြင်ရသည့် မြင်ကွင်းလမ်းကြောင်းက နှစ်သက်ဖွယ် ကောင်းသည် ။ မြင့်မားသော တိုက်တာတွေ ကင်းရှင်းနေပြီး မန္တလေးတောင်တော်ကိုပင် ခပ်သဲ့သဲ့ လှမ်းမြင်နေရသည် ။ တောင်တော် စေတီဘုရားမှ အလင်းအစအနကလေးများကို လှမ်းတွေ့ရသည် ။ ကော်ဖီ ခွက်ကို ခဏပြန်ချကာ ဘုရားကို ရှိခိုးလိုက်သည် ။ ပြီးလျှင် ကော်ဖီခွက်ကို ပြန်ကိုင်သည် ။ နည်းနည်းလေးပဲ အေးသည့် ညဖြစ်သည့် တိုင် ကော်ဖီ ခွက်ကို လက်ဖဝါး လမ်းကြောင်းလေးများ ဖြင့် ဆုပ်ထွေးထားရသည် က  စိတ်ချမ်းမြေ့ဖွယ် ကောင်းနေသလိုလို။ ကော်ဖီခွက်နှုတ် ခမ်းသားမှာ ဖရိုဖရဲ ပေပွနေသည့် ကော်ဖီမှုန့် အညိုစက် အနက်စက်ကလေးများကို လက်သန်းဖြင့် သပ်ကာ လျှာဖျားတင်၍ သူမ လျ

က်လိုက်သည် ။ တစ်ယောက်တည်း ရှိချိန်မို့ ထိုအပြုအမူကို လုပ်ခြင်းမဟုတ်ပါ။ သို့သော် ဘေးနားမှာ တခြားလူ တွေရှိနေလျှင်လည်း ထိုအပြုအမူကို လုပ်လိမ့်မည်မဟုတ်ပါ။ ဒါဆို ဘယ်လို အခြေအနေမျိုးမှာ လုပ်တတ်သလဲ။ အနားမှာ မြမျိုး ရှိနေလျှင်တော့ လုပ်တတ်ပါသေးသည် ။ မြမျိုးရှိနေလျှင် ဘေးနားမှာ သူစိမ်းတစ်ယောက် ရှိနေ သလို မခံစားရ။ မြမျိုးနှင့် ကိုယ်က တစ်ထပ်တည်းကျနေသလို ခံစားရသည် ။ မြမျိုးရှိနေလျှင် ပါးနီ ဘာကိုမှ မရှက်မကြောက်၊ တစ်ယောက်တည်း ရှိချိန်မှ လုပ်လေ့ရှိသော အရာတွေပါ မြမျိုးရှေ့တွင် လုပ်ရဲသည် ။ မြမျိုး…၊ မြမျိုး…၊ သူ အခု ဘယ်မှာ များ လဲ။

မြမျိုးအကြောင်း တွေးမိလို့ လား၊ အချိန်ကြာမြင့်သွားလို့ လား မသိ၊ ကော်ဖီခွက်တောင် အေးစက်လာသည် ။ ပါးနီ အိပ်ရာပေါ်လှဲလိုက်သည် ။ ဆံပင်မှာ စည်းထားသည့် အပြာရောင် ခေါင်းစည်းကြိုးကို ဖြေလိုက်တော့ ဗျက်ခနဲ ပြတ်သွားသည် ။ မနက်ကျရင်ပြန်စည်းဖို့ ခေါင်းစည်းကြိုး အပိုမရှိ။ ဘဝမှာ အပေါါဆုံးမြင်ဖူးသည့် ခေါင်းစည်းကြိုးတွေကိုပင် ယခုအခါ ရှားပါး နေရသည် ။ ဆံပင်ဖရိုဖရဲနှင့် ပင် ခေါင်းအုံးနေမိသည် ။

ပါးနီ ငယ်ငယ်တုန်းကဆိုလျှင် မြမျိုးနှင့် တစ်အိပ်ရာတည်း အတူအိပ်ရင်း ခေါင်းစည်းကြိုးတွေကို လက်ချောင်းတွေမှာ အမျိုးမျိုးယှက်သွယ်၍ ကြယ်ပုံတွေ၊ အိမ်ပုံတွေ လုပ်တမ်းကစားကြသေးသည် ။ ခေါင်းစည်းကြိုးတွေက သားရေပင်တွေ လောက်တော့ ဆော့လို့ မကောင်းလှပါ။

ပါးနီတို့ ရှိရာ ဒေါ်သက်သက်နွယ်တို့ အိမ်သို့ မြမျိုးရောက်လာချိန်တုန်းက အသက် ၁၁ နှစ်လောက်ပဲ ရှိဦးမည်။ မြမျိုးကို စင်တင် ဘီယာ

ဆိုင်မှ လူတစ်ယောက်က လာပို့ခြင်းဖြစ်သည် ။ လာပို့သည့် လူက မြမျိုး၏ အဖေဖြစ်ချင် ဖြစ်နိုင်သော လူတွေထဲက တစ်ယောက်ဖြစ်သည် ။ ဆိုင်မှာ မြမျိုးက ပြဿနာလည်း ရှာလွန်း၊ ပိုက်ဆံလည်း ခိုးလွန်း၍ ဟု ပြောသည် ။ မြမျိုးက အသားညိုစိမ့်စိမ့်နှင့် ၊ မျက်ကွင်းက ညသစ်ပင်တွေလို မည်းနေသေး၊ ဂျင်းဘောင်းဘီနှင့် တီရှပ်ကို ဝတ်ထားပြီး လူပုံက ခပ်ဂျစ်ဂျစ် ဖြစ်နေ သည် ။ မြမျိုးကို ဒေါ်သက်သက်နွယ်လက်ထဲ အပ်ပြီး လာပို့သည့် လူက ပြန်ဖို့ အတွက် ကျောခိုင်းလိုက်သည် နှင့် မြမျိုး ထိုလူ့ကို လက်ခလယ် ထောင်ပြကာ ဆဲနေသေးသည် ။ ထိုအမူအရာတွေကို အိမ်အပေါ်အောက် သွယ်ထားသော လှေကားထစ်တွေမှာ ထိုင်ရင်း ပါးနီ ခိုးကြည့်၍ မြင်ခဲ့ခြင်း ဖြစ်သည် ။ ထိုအချိန်ကတည်းက မြမျိုးကို ပါးနီ သဘောကျသလိုလို ဖြစ်ခဲ့ သည် ။

ဒေါ်သက်သက်နွယ်က မြမျိုးကို တော်တော် တင်းတင်းကြပ်ကြပ် ထိန်းချုပ်ပါသည် ။ ဒေါ်သက်သက်နွယ်၏ ပါးနပ်စွာ ထိန်းချုပ်မှုမှာ တော့ မြမျိုး အတော်အတန် အချိုးပြေခဲ့ပါသည် ။ သို့သော် အိမ်မှာ နေသော အစ်မကြီးများ ဖြစ်သည့် ဇာဇာ၊ ဝင့်ဝါ၊ ဒါလီသိမ့်၊ သီတာကျော်၊ မော်မော်တို့ ကအစ တခြားဘယ်သူမှ မြမျိုးကို ကြည့်မရ။ အထူးသဖြင့် ဇာဇာ နှင့် ဆိုလျှင် လုံးဝမတည့်။ ဇာဇာကလည်း မကောင်းသည့် မိန်းမဘဝ ရောက်နေပေမဲ့ လူက လှသဖြင့် မာန်ကမချ။ ဒေါ်သက်သက်နွယ်ကလွဲလျှင် မည်သူ့မျှ ဂရုမစိုက်သလို နေတတ်သည် ။

ဘယ်သူမှ ကြည့်မရသည့် မြမျိုးနှင့် ပါးနီ အတူတူ တစ်ခန်းတည်း နေသည် ။ ထို့ကြောင့် ပိုသံယောဇဉ်တွယ်မိသည် ။ အနေကြာတော့ မြမျိုးနှင့် ဆိုလျှင် ဘာသာစကား ပိုပြီး ပေါက်ရောက်သည် ။ နိုင်ငံတကာသုံး လက်ဟန် သင်္ကေတတွေနှင့် မဟုတ်ဘဲ အိမ်တွင်း မိသားစုနားလည်ရုံ သင်္ကေတလေး နှင့် ကို ပါးနီဆိုလိုတာ တော်တော်များများကို မြမျိုး

သေချာသိလာသည် ။ ထို့ကြောင့် ပါးနီနှင့် တခြားသူတွေနှင့် ပြောဆို၍ ဘာဆိုလိုမှန်း မရှင်းလင်း လျှင်ပင် မြမျိုးက ကြားကဝင် စကားပြန်လုပ်ပေးရတာတွေရှိလာသည် ။

မြမျိုးက အိမ်မှာ ဖိုက်တာပင်။ ဒေါ်သက်သက်နွယ်ကလွဲလျှင် မည်သူ့မှ မကြောက်။ လုပ်ချင်တာလုပ်သည် ။ မြမျိုး ပါးနီနှင့် အတူ လေးငါးနှစ်လောက် အတူနေပြီး အိမ်မှ ပျောက်သွားသေးသည် ။ ထိုအချိန်က မြမျိုး ပထမဆုံးအကြိမ် အိမ်က စတင်ထွက်သွားခြင်း ဖြစ်ပြီး နောက်လည်း မကြာခဏ ထွက်ထွက်သွားလိမ့်မည်ဟု ပါးနီမသိခဲ့။ ထိုပထမဆုံး အကြိမ် ပျောက်သွားချိန်က ရှစ်လကိုးလလောက် တောင်ကြာသည် ။ ပါးနီ မြမျိုးကို သတိရလွန်းလို့ ညတွေပင် အိပ်ရခက်ခဲ့သည် ။ အိမ်ကလူတွေကိုလည်း မြမျိုးသတင်း အမြဲမေးဖြစ်သည် ။ ဘယ်တော့မှ ပြန်မလာမှာ လည်း စိုးရိမ်ခဲ့ သည် ။

ဇာဇာက

"ဒီလောက်ကြာတဲ့ အထိ ပြန်မလာမှ တော့ အဲဒီကလေးမ ချင်းတောင် တက်တဲ့ ကားသမားတွေနဲ့ ပါသွားတာနေမှာ "

ဟု တခြားသူကို နှုတ်မှ ပြောရင်း ပါးနီကိုလည်း သဘောလောက် ရိပ်မိအောင် လက်ဟန်ခြေဟန်ဖြင့် လှမ်းပြောပြသည် ။

ဒါလီသိမ့်ကလည်း

"သူက ခပ်ဆိုးဆိုးပဲ။ သူများ လုပ်လို့ သေရင်တောင် သေနေမှာ " ဟု ခြေဟန်လက်ဟန်နှင့် ပြောသောအခါ ပါးနီ မျက်နှာအိုသွားသည် ။ ပါးနီတို့ နှင့် အသက်သိပ်မကွာသည့် ဟေမန်နှင့် ချစ်ပိုးတို့ ကသာ အကောင်း ပြောသည် ။

"သူ့အမေကို သွားရှာတာနေမှာ ပေါ့။ သူ သူ့အမေကို တွေ့ချင်တယ်လို့ ခဏခဏ ပြောဖူးတာပဲ"

ချစ်ပိုးနှင့် ဟေမာန်က သူတို့ အချင်းချင်း စကားဖြင့် ပြောသလို ပါးနီကိုလည်း စာရေးကာ ပြန်ပြောပြသည် ။ ဟုတ်သည် ။ မြမျိုးက သူ့အမေကို မေးစရာတစ်ခုရှိသည် ။ ထို့ကြောင့် တွေ့ချင်သည် ဟု မကြာခဏ ပြောဖူး သည် ။

ပါးနီ နေ့တိုင်းစောင့်ခဲ့သည် ။ မြမျိုးကို စောင့်နေသည့် တစ်ညက ဒေါ်သက်သက်နွယ် အနားရောက်လာကာ ထိုင်သည် ။ ပါးနီ ခေါင်းလေးကို ပွတ်ပေးကာ ခဏဖက်ပေးသည် ။ ဒေါ်သက်သက်နွယ် ကလည်း မြမျိုးပြီးရင် ပါးနီနှင့် ဘာသာစကား ပေါက်ရောက်သူ၊ မျက်လုံးချင်း စကားပြောနိုင်သူ ဟု ဆိုနိုင်သည် ။

မိုးတွေရွာသည့် တစ်ညမှာ ခေါင်းစွပ်ကို မျက်လွှာဖုံးအောင်ချ၍ အိမ်ပြန်ရောက်လာသည့် မြမျိုး၏ ပုံရိပ်ကိုလည်း ပါးနီ မှတ်မိသည် ။ အိမ်တံခါးကို တဒုန်းဒုန်း ထုခဲ့သည် ။ မိုးများ ရွာသွန်း၍ အလုပ်ပျက်ကာ စောစော အိပ်နေရသော ပြည့်တန်ဆာမလေးများ နိုးလာကြသည် ။ တစ်အိမ်လုံး နီးပါး နိုး လာပြီး တံခါးဖွင့်ပေးတော့ အနက်ရောင်ထီးကို ပခုံးထမ်းကာ ဆောင်းလျက်နှင့် မိုးကာအင်္ကျီထောင့်စွန်းမှ ရေတစက်စက် ကျနေသော မြမျိုးကို အားလုံးမြင်လိုက်ကြသည် ။

မြမျိုးက ဘာမှ မဟုတ်သလို ထီးပိတ်၍ အိမ်ထဲ ဝင်လာသည် ။ ရှစ်လကိုးလလောက် ပျောက်သွားပြီးမှ အိမ်ပြန်ရောက်လာသည် ကို လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ နံပြားဝယ်ပြီး ပြန်လာသလောက်ကို ပေါ့ပေါ့ပါးပါး ရှိလှလွန်းနေသည် ။ လက်ထဲတွင် လမ်းဘေးဆိုင်က မြန်မာထမင်းကြော် ထုပ်တွေတောင် ပါလာသေးသည် ။ မြမျိုးက

"စားကြပါဦး... ဟေမာန် ပန်းကန်တွေ ယူပေးလေ..."

ဟေမာန်က မြမျိုးစကားကို မလွန်ရဲသူမို့ ပန်းကန်တွေသွားယူသည် ။ ဟေမာန့်လိုပင် ပါးနီနှင့် ချစ်ပိုးလည်း မီးဖိုခန်းဘက်ထွက်ပြီး ပန်းကန်တွေ သွားယူသည် ။ ဇာဇာက

"ငါတို့ မစားဘူးနော် ... ငါတို့ အတွက် ပန်းကန်တွေယူမလာနဲ့ "

ဟု အော်ပြောသည် ။ မြမျိုးက ဇာဇာ့ကို မျက်လုံးပင့်ကြည့်သည်

"ခင်ဗျားကလည်း ဖာသယ်အချင်းချင်း ရွံသလိုလိုဘာလိုလိုနဲ့ ..."

"ကောင်မ ... နင် မမိုက်ရိုင်းနဲ့ ။ နင့်ကို ကြောက်တဲ့ အထဲ ငါ မပါဘူး နော်"

မြမျိုး ခြောက်ကပ်ကပ် ရယ်သည် ။

ထိုအချိန်ပဲ ဒေါ်သက်သက်နွယ် အိမ်ပေါ်မှ အေးဆေးသော ခြေလှမ်းဖြင့် တစ်လှမ်းချင်း ဆင်းလာသည် ။ ဒေါ်သက်သက်နွယ် လျှောက်လာရန် နေရာလွတ်ရှိသော်လည်း ပိုမိုသွားသာအောင် အားလုံးက ရှဲ၍ လမ်းဖယ်ပေးကြသည် ။ မြမျိုးလည်း ဧည့်ခန်းစားပွဲမှာ ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည် ။ ခန္ဓာကိုယ် အနေအထားက ပုံမှန်ထက်တော့ နည်းနည်း ရိုရိုကျိုးကျိုး ဖြစ်သွားသည် ။ အိမ်ထဲ အတော် တိတ်ဆိတ်သွားသလိုရှိသည် ။ အပြင်က မိုးလည်း ခပ်တိတ်တိတ် ဖြစ်သွားသည် ။ ထို့ကြောင့် ဒေါ်သက်သက်နွယ် စကားသံကို ပါးနီမှ လွဲ၍ အားလုံး ပီပီသသ ကြားလာရသည် ။

"ဒီအိမ်မှာ ဖာ ဆိုတဲ့ စကားမသုံးနဲ့ ၊ ငါ မကြိုက်ဘူး"

ဒေါ်သက်သက်နွယ်က ထိုအလုပ် လုပ်စားသော်လည်း ထိုသို့ ပြောဆိုခြင်းကို မကြိုက်။ သို့သော် တစ်ခါတလေတော့ သူကိုယ်တိုင် သုံးစွဲချင်

လည်း သုံးစွဲတတ်ပြန်သည် ။

"အားလုံး စားချင်တဲ့ သူစား၊ မစားချင်တဲ့ လူ ပြန်အိပ်"

ငြိမ်သက်နေသည့် ပြည့်တန်ဆာ ဆယ့်ငါးယောက်လောက်သည် မိမိတို့ ကျောခင်းရာသို့ အသီးသီး ပြန်ထွက်ခွာသွားကြသည် ။

ဒေါ်သက်သက်နွယ်က မြမျိုးကိုကြည့်သည် ။ မြမျိုး အနည်းငယ် ခေါင်းငုံ့လိုက်သည် ။ ဒေါ်သက်သက်နွယ်က

"မနက်ကျမှ ပြောကြတာပေါ့"

ဟု ဆိုကာ ပြန်လှည့်ထွက်သွားတော့သည် ။

မြမျိုး ငုံ့နေသောခေါင်း အပေါ်ပြန်မော့လာကာ ပါးနီတို့ ကို ပြောင်စပ်စပ် မျက်ခုံးပင့်ပြသည် ။ ဟေမာန်က ပင့်သက်ကြီးကို ဟူး... ခနဲ သိသိသာသာ ချလိုက်သည် ။ မြမျိုး၊ ပါးနီ၊ ဟေမာန်နှင့် ချစ်ပိုးတို့ သန်းခေါင်ယံ ထမင်းကြော်များ စားကြသည် ။ ပါးနီက ဘယ်တွေထွက်သွား၍ ဘာတွေလုပ်ခဲ့လဲဟု အမူအရာဖြင့် မေးသည် ။ မြမျိုးက အသာပြုံးကာ ပခုံးတွန့်ပြသည် ။ မဖြေချင်မှ တော့ ဖြေချင်စရာ အဖြစ်အပျက် မရှိခဲ့လို့ ဟု နားလည်လိုက်သည် မို့ ပါးနီ အတင်းမမေးတော့။ ထမင်းစားပြီးတော့ မြမျိုးက ပါးနီကို ကော်ဖီဖျော်တိုက်သေးသည် ။

မနက်ကျတော့ ဒေါ်သက်သက်နွယ် ဒေါသူပုန်ထသည် ။ မြမျိုး အပြင်မှာ အပျိုရည်ပျက်ကာ ကိုယ်ဝန်ပင် ဖျက်ချခဲ့သေးကြောင်း သိလိုက်ရ၍ ဖြစ်သည် ။ အားလုံးက လှေကားထစ်နားတွင် ထိုင်ကာ ဒေါ်သက်သက်နွယ် နှင့် မြမျိုး ပြဿနာရှင်းပွဲကို ကြည့်နေကြသည် ။

"မဟုတ်လည်း အချိန်တန်ရင် ဒီအလုပ်လုပ်စားမှာ ပဲ၊ အန်တီသက်လည်း ကျွန်တော့်ကို အလှမွေးထားမှာ မှ မဟုတ်တာ။ ဒီအလုပ်လုပ်ခိုင်း

မှာ ပဲ။ အခုတော့ စောစောခိုင်းလို့ ရတာပေါ့"

"နင့်ကို ငါ ဒီအလုပ်လုပ်စားခိုင်းဖို့ တစ်ခါမှ မတွေးဖူးဘူး မြမျိုး"

"အဲဒီလို တကယ်မတွေးဖူးဘူး ဆိုရင်တော့ ကျေးဇူးပါ။ ဒါပေမဲ့ ဒီလို အိမ်မှာ နေပြီး ဒီလိုအလုပ် လုပ်လိုက်တာ ကောင်းပါတယ် အန်တီသက်ရဲ့ "

"နင်က ဘယ်သူ့အားကိုးနဲ့ ငါ့ကို ဒီလေသံနဲ့ စကားပြောရဲတာလဲ"

"ဘယ်သူ့မှ အားမကိုးရဲလို့ ဒီလေသံထွက်လာတာပါ။ ဒါပေမဲ့ ကျွန်တော် မရှိမသေ ဖြစ်သွားရင် တောင်းပန်ပါတယ်"

"နင်က ဒီကျက်သရေမရှိတဲ့ အလုပ်ကို တော်တော်လုပ်ချင် နေပြီ ပေါ့လေ"

"ဟုတ်တယ်။ မိရိုးဖလာ အလုပ်လေးကို အမွေဆက်ခံချင် လာပြီ"

"အေး... ပြီးရော။ ညကျရင် နင့်ကို ဧည့်သည် နဲ့ ငါ စထည့် ပေးမယ်"

"ကျေးဇူးပါ"

ထိုညကစပြီးတော့ မြမျိုးကို တရားဝင် ပြည့်တန်ဆာအဖြစ် ဒေါ်သက်သက်နွယ်က လိုင်စင်ပေးခဲ့ခြင်း ဖြစ်တော့သည် ။

*****